## နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းမည့် ကြော်ငြာ

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့**
**(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

**ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများပါဝင်သည့် အဖွဲ့အစည်း (Myanmar GDE Consortium) ဖွဲ့စည်းရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) ခေါ်ယူခြင်း**

၁။ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်းစီမံကိန်း၌ ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံဘက်မှ အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများ ပါဝင်သည့် (Myanmar Government Designated Entity Consortium) ဖွဲ့စည်းရေး စီစဉ်လျက်ရှိပါသည်။

၂။ ထိုသို့ဖွဲ့စည်းရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများအား စိစစ်ရွေးချယ်၍ ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ပါသည်-

(က) ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ပြည်တွင်းတွင် မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသားပိုင်ပုဂ္ဂလိကကုမ္ပဏီ (သို့မဟုတ်) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ရမည်။

(ခ) ကုမ္ပဏီစတင်ထူထောင်ချိန်မှစ၍ နှစ်စဉ်လုပ်ငန်းလည်ပတ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီဖြစ်ရမည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ထုတ်ပေးထားသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီ Extract Form ပူးတွဲတင်ပြရမည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင် (MyCO) တွင် Suspended ဖြစ်နေသည့် ကုမ္ပဏီမဖြစ်စေရ။

(ဂ) ကုမ္ပဏီဖွဲ့စည်းထားသည့် သက်တမ်း (၁၀) နှစ်နှင့်အထက် ရှိရမည်။ (သို့မဟုတ်) အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အောင်မြင်စွာ အကောင်အထည်ဖော်ထားသည့် အနည်းဆုံးအတွေ့အကြုံ (၅) နှစ်ရှိသော ကုမ္ပဏီဖြစ်ရမည်။ ရခိုင်ပြည်နယ်ဒေသခံ ရခိုင်တိုင်းရင်းသားများ အများစုဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပါက သတ်မှတ်ကာလကို လျှော့ပေါ့စဉ်းစားမည်။

(ဃ) လွန်ခဲ့သည့် (၃) နှစ်အတွင်း လုပ်ငန်းမှ ပျမ်းမျှဝင်ငွေ (Average Minimum Annual Turnover) အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း (၂၀) (သို့မဟုတ်) ယင်းနှင့်ညီမျှသည့် နိုင်ငံခြားငွေ (သို့မဟုတ်) ယင်းနှင့်ညီမျှသည့် မြန်မာကျပ်ငွေ ရရှိနေသည့် ကုမ္ပဏီ ဖြစ်ရမည်။

(င) ဝန်ကြီးဌာန / နေပြည်တော်ကောင်စီ / တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတစ်ခုခု၏ နာမည်ပျက်စာရင်း (သို့မဟုတ်) တားမြစ်ပိတ်ပင်ထားခြင်း (သို့မဟုတ်) အရည်အချင်း မပြည့်မီဟု သတ်မှတ်ထားခြင်းတွင် ပါဝင်နေသည့် ကုမ္ပဏီမဖြစ်စေရ။

(စ) ကုမ္ပဏီတွင် လိုအပ်သည့် ပညာရှင်ဝန်ထမ်းနှင့် အခြားကျွမ်းကျင်သူ ဝန်ထမ်း လုံလောက်စွာ ခန့်အပ်ထားရှိရမည်ဖြစ်ပြီး နည်းပညာဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ ကို စီမံကိန်းတွင် ထောက်ပံ့ထားရှိပေးနိုင်ရမည်။

(ဆ) စတင်အဆိုပြုသည့်အချိန်တွင် အနည်းဆုံးအမေရိကန်ဒေါ်လာ (၅) သန်း ထည့်ဝင်နိုင် ကြောင်း အထောက်အထားတစ်ခုခု တင်ပြနိုင်သည့် ကုမ္ပဏီဖြစ်ရမည်။

(ဇ) လွန်ခဲ့သည့် (၃) နှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ (Financial Report) ကို လက်မှတ်ရပြည်သူ့စာရင်းကိုင်၏ စာရင်းစစ်အစီရင်ခံစာ (Audit Report) နှင့်အတူ ပူးတွဲတင်ပြနိုင်ရမည်။

(ဈ) အခွန်ကျေပွန်ကြောင်း အထောက်အထားအဖြစ် သက်ဆိုင်ရာအခွန်ရုံးက ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်းအထောက်အထားတင်ပြရမည်။

၃။ သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ပုံစံကို တစ်စုံလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အထူးစီးပွားရေးဇုန်ရေးရာဌာနခွဲ၊ ရုံးအမှတ်(၃)၊ နေပြည်တော် (သို့မဟုတ်) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အမှတ် ၆၂၂/ ၆၂၆ ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပက် လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**သို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ နောက်ဆုံး ထား၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အချက်အလက်များဖြည့်သွင်းပြီးသည့် အဆိုပြုလွှာ (EOI) နှင့်ဆက်စပ်စာရွက်စာတမ်းများကို အဆိုပြုလွှာထုတ်ယူရာဌာန၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည် ပေးပို့ရမည်ဖြစ်ပါသည်။အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၈၆၄၈၊ ၀၆၇-၄၀၈၆၁၉၊ ၀၁-၈၃၇၁၂၀၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။